စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

# တောင်သူများ ကိုယ့်မျိုးကိုယ်ထား ခေါင်နှံမျိုးသန့်စပါး စိုက်ပျိုးထုတ်လုပ်နည်း

ဦးပြည့်လျှံထက်
ဒု-လက်ထောက် ဦးစီးမှူး
စိုက်ပျိုးရေးဦးစီးဌာန
ကွမ်းခြံကုန်းမြို့၊ ရန်ကုန်တိုင်းဒေသကြီး

# နိဒါန်း

- စပါး – အဓိကစိုက်ပျိုးဒေသ – ရန်ကုန်အပါအဝင်
- စိုက်ပျိုးနည်းအမျိုးမျိုးရှိ
- အကြမ်းအားဖြင့် – တိုက်ရိုက်အစေ့ချ၊ ပျိုးထောင်စိုက်ပျိုးရှိ
- ကွမ်းခြံကုန်း – ကြဲခင်းအဓိကစိုက်ပျိုး

# ရည်ရွယ်ချက်

- တောင်သူကြိုက်နှစ်သက်သည့် စပါးမျိုးများအား မျိုးထိန်းရန်နှင့် မျိုးသန့်ပွားများရန်
- အရွယ်အစားညီညာပြီး အောင်မြင်ပြည့်ဖြိုးသော အစေ့များရရှိရန်
- အခြားမျိုးကွဲများ ကင်းစင်ရန်
- မျိုးကောင်း မျိုးသန့်ရရှိရန်

# စမ်းသပ်ကွက်ဆောင်ရွက်သည့် အကြောင်းအရာ အကျဉ်းချုပ်

ကွမ်းခြံကုန်းမြို့နယ်

- မိရိုးဖလာ၊ ပျိုးထောင်၊ ဘောင်ပျိုး၊
- မျိုးစေ့ကုန်ကျစရိတ်များ
- ကြွက်၊ငှက် ဖျက်ဆီး
- မိုးများ အလေ့အလွင့်ရှိနိုင်

ထွန်းပု ဒေသမျိုးသည် တောင်သူအကြိုက်စပါးမျိုးဖြစ် (မျိုးကောင်း၊မျိုးသန့်စပါး မလုံလောက်သည့် အခက်ခဲရှိ)

သာမန်ဘောင်ပျိုးနှင့် ပျိုးထောင်မည်ဆိုပါက မျိုးစပါးမလောက်နိုင်

ရေမြေသဘာဝနှင့်သင့်တော်သော စားသုံးမှုအရည်အသွေး အသင့်တင့်၊ ဈေးကွက်အလားအလာရှိပြီး တောင်သူနှစ်သက်သော အထွက်နှုန်းကောင်းသည့် ထွန်းပု စပါးမျိုးကို ခေါင်နှံမျိုးပွားနည်းစနစ်ဖြင့် စိုက်ပျိုးရန် ရွေးချယ်ရခြင်းဖြစ်ပါသည်။

# စမ်းသပ်ကွက်ဆောင်ရွက်မှုအသေးစိတ်လုပ်ဆောင်ချက်များ

| | |
|---|---|
| အသုံးပြုသည့်စပါးမျိုး | – ထွန်းပု |
| စိုက်နည်းစနစ် | – Treatment – ခေါင်နှံ့ဖြင့်ပျိုးထောင်စိုက်ပျိုးခြင်း |
| | – Check – ဘောင်ပျိုးဖြင့်ပျိုးထောင်စိုက်ပျိုးခြင်း |
| နေရာ | – ကမာပါကျေးရွာ၊ ကွမ်းခြံကုန်းမြို့နယ် |
| ကာလ | – ၃၀.၆.၂၀၂၁ မှ ၃၀.၁၁.၂၀၂၁ |
| ထပ်ပြုချိန် | – (၃) ကြိမ် |

# စမ်းသပ်ကွက်ဆောင်ရွက်မှုအသေးစိတ်လုပ်ဆောင်ချက်များ

| | ခေါင်နံ့ | ဘောင်ပျိုး |
|---|---|---|
| စမ်းသပ်ကွက်အရွယ်အစား | ၀.၁၂ ဧက x ၃ | ၀.၁၂ ဧက x ၃ |
| မျိုးစေ့နှုန်းထား (ဧက) | ခေါင်နံ့ ၂၅၀၀ | ၈ ပြီ |
| စိုက်စနစ် | ၁၀” x ၁၀” | ၁၀” X ၁၀” |
| ပျိုးထောင်သည့်ရက်စွဲ | ၃၀.၆.၂၀၂၁ | ၃၀.၆.၂၀၂၁ |
| စိုက်ပျိုးသည့်ရက်စွဲ | ၁၅.၇.၂၀၂၁ | ၁၈.၇.၂၀၂၁ |
| စမ်းသပ်ကွက်ဒီဇိုင်း | RCB | |

# စမ်းသပ်ကွက်ဆောင်ရွက်မှုအသေးစိတ်လုပ်ဆောင်ချက်များ

"ခေါင်နှံ ရွေးချယ်ခဲ့သော စပါးခင်း"

- ယခင်နှစ် မိုးစပါးရိတ်သိမ်းရာတွင် ကောင်းစွာ ရင့်မှည့်ပြီး ရိတ်သိမ်းခါနီး စပါးခင်းမှ ခေါင်နှံမျိုး (၀.၁၂) ဧက စာအတွက် အနှံပေါင်း ၅၀၀ ရွေးချယ်ရယူ

- ကောင်းစွာရင့်မှည့်ပြီး ရိတ်သိမ်းခါနီး စပါးခင်းမှ ခေါင်နှံ (၅၀၀)ကို အလံရွက် အောက်ခြေမှ တံစဉ်ဖြင့် ရိတ်ယူ

- ခေါင်နှံ (၅၀၀) အား အလံရွက်အားလုံးကို ဖယ်ရှားပြီး ကြိုးစည်း၍ အနည်းဆုံး (၃-၅) ရက်ခန့် နေလှန်း (အခြောက်လှန်း)





# စမ်းသပ်ကွက်ဆောင်ရွက်မှုအသေးစိတ်လုပ်ဆောင်ချက်များ

- ပျိုးထောင်ရန်အတွက် အခြောက်လှန်း ရိတ်သိမ်းထားသော ခေါင်နံ့(၅၀၀)မှ မျိုးစေ့ အရွယ်အစား၊ ပုံသဏ္ဌာန်၊ တူညီသည့် အကြီးဆုံး တစ်နှံပါအောင်စေ့အများဆုံး၊ အဖျင်း အနည်းဆုံး၊ ရောဂါအကင်းဆုံး ခေါင်နံ့ (၂၅၀)ကို ထပ်မံရွေးချယ်ရယူ
- သေချာခြောက်သွေ့အောင် အခြောက်လှန်းပြီး ပိုးမွှား၊ ကြွက်၊ ရာသီဥတု မဖျက်စီးစေရန် စနစ်တကျ သိုလှောင်သိမ်းဆည်းရယူခဲ့



# စမ်းသပ်ကွက်ဆောင်ရွက်မှုအသေးစိတ်လုပ်ဆောင်ချက်များ

## ခေါင်နှံအတွက်

- (၃)ပေ x (၄၅) ပေ အရွယ် ပျိုးဘောင်ပြုလုပ်
- ဘောင်ပေါ်တွင် စပါးအနှံများကို အနှံလိုက် ပျိုးထောင်
- (၄) လက်မစီခြားပြီး (၁)လက်မ အနက်စိုက်မြောင်း (၁၂၅) မြောင်းကို ဝါးချွန်ဖြင့် အရာပေး
- ခေါင်နှံ(၂)ခုအား စိုက်မြောင်းတစ်ခုစီတွင် အနှံရိုးခြင်း၊ထိပ်ခြင်းဆိုင်၍ အလိုက်သင့်မြောင်းအတွင်းချ





# စမ်းသပ်ကွက်ဆောင်ရွက်မှုအသေးစိတ်လုပ်ဆောင်ချက်များ

– စိုက်မြောင်းအားလုံး အနှံ့ချပြီးလျှင် မြေမှုန်ပါးပါး (စက်ဖွဲပြာပါးပါး) ဖြူးပေး

– ရေမပြတ်စေရန်နှင့် ပိုးမွှားရောဂါ ကာကွယ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်







# စမ်းသပ်ကွက်ဆောင်ရွက်မှုအသေးစိတ်လုပ်ဆောင်ချက်များ

- ပျိုးသက် (၁၅) ရက်သားတွင် ခေါင်နှံတစ်ခုစီမှ အသန်စွမ်းဆုံး ပျိုးပင် (၃၀)ကို လက်သပ်ရွေးနှုတ်ပြီး တစ်နှံ မှ ရရှိသော ပျိုးပင် (၃၀)ကို ပျိုးစီးတစ်စီးစည်း၊ စုစုပေါင်း အနှံ (၂၅၀) မှ ပျိုးစီး (၂၅၀) ရယူခဲ့
- ပျိုးစီးတစ်စီးလျှင် ကောက်တန်းတစ်တန်းတည်း စိုက်ပျိုးခဲ့
- ပျိုးစီးတစ်စီးလျှင် ကောက်တန်းတစ်တန်းစနစ်ဖြင့် တန်းကြားပင်ကြား (၁၀ x ၁၀)လက်မခြား၍ အသန်စွမ်းဆုံး ပျိုးပင်(၃၀)ကို လက်ဆတစ်ပင်ချင်းစိုက်စနစ်ဖြင့် ရွေးချယ်စိုက်ပျိုး
- ခေါင်နှံပျိုးစီးတစ်စီးမှ ပျိုးပင် (၃၀)ကို ကောက်တန်း တစ်တန်းစနစ်ဖြင့် စိုက်ပျိုးပါက တစ်တန်းလျှင် ပျိုးပင် (၃၀)၊ ကောက်တန်း (၂၅၀)၊ ပျိုးပင်ပေါင်း (၇၅၀၀) ရရှိမည်ဖြစ်ပြီး စိုက်ကေအနေဖြင့် (၀.၁၂) ခန့် စိုက်ပျိုး

# စမ်းသပ်ကွက်ဆောင်ရွက်မှု အသေးစိတ်လုပ်ဆောင်ချက်များ

## ဘောင်ပျိုးအတွက် လုပ်ဆောင်ချက်

- (၃)ပေ x (၄၅)ပေ အရွယ် ပျိုးဘောင်ပြုလုပ်ခဲ့
- တစ်ဧက (၈)ပြည် နှုန်း ပျိုးထောင်
- ပျိုးသက် (၁၈) ရက်သားတွင် ပျိုးနှုတ်
- တန်းကြား ပင်ကြား (၁၀) လက်မ ပတ်လည်



# စမ်းသပ်ကွက်ဆောင်ရွက်မှု အသေးစိတ်လုပ်ဆောင်ချက်များ

- ပျိုးခင်းအား နွားချေး သဘာဝမြေဩဇာ (၂-၃ စီး/ဧက) ထည့်
- ပျိုးပင် (၁၀)ရက်သားတွင် ယူရီးယားနို့ဆီဘူး (၄)ဘူး ထည့်
- မြေခံတွင်တီစူပါ ( ၁/၅ ) အိတ်နှုန်းထည့်
- အပင်လှန်ချိန် ကွန်ပေါင်း (၁၅:၁၅:၁၅) ( ၁/၄ ) အိတ်နှုန်းထည့်
- မှို့ကပ်ချိန် ယူရီးယား (၁/၄)အိတ်နှုန်း ထည့်



# စမ်းသပ်ကွက်ဆောင်ရွက်မှုအသေးစိတ်လုပ်ဆောင်ချက်များ

- စပါးသက်တမ်းတလျှောက်တွင် ကောက်ပင်ဖာခြင်း၊ ပေါင်းလိုက်တမန်းနှိုးခြင်း လုပ်ငန်းများကို အလျှင်းသင့်သလို ဆောင်ရွက်
- မျိုးကွဲပယ်ခြင်းကို ပင်ပွါးစည်းချိန်၊ ပန်းပွင့်ချိန်၊ ရင့်မှည့်ချိန်တို့တွင် ဆောင်ရွက် (စိုက်/မွေး/ဆည်၊ အေးချစ်၊ ၂၀၀၉)
- မျိုးမမှန်သော အပင်များကို အတန်းလိုက်ပယ်
- ပိုးမွှားကင်းထောက်ခြင်းလုပ်ငန်းများကို ကြိုတင်ဆောင်ရွက်ခဲ့







# စမ်းသပ်ကွက်ရလဒ်များနှင့်ဆွေးနွေးချက်များ

- ရိတ်သိမ်းချိန်တွင် တစ်ဧကကောက်ကွက် (၆၂၅၀၀)၊ ပင်ပွား (၉)ပင် နှင့် တန့်ပါအစေ့ပေါင်း (၁၀၂)စေ့၊ အောင်စေ့ (၉၅)စေ့
- ၆.၆ ' x ၆.၆ ' စံကွက်အရ တစ်ဧကအထွက်နှုန်း (၆၂.၅)တင်းထွက်ရှိပြီး၊ Y Method အရ အထွက်တင်းမှာ (၆၆.၅)တင်း
- စိုက်ဧက (၀.၁၂)ဧကမှ တင်း (၇.၅)တင်းခန့်ထွက်ရှိ

ထွန်းပုစပါးမျိုးကို ခေါင်နှံ့ယူစိုက်ပျိုးခြင်းဖြင့် အထွက်ကောင်း၍ မျိုးသန့်အဖြစ် ဈေးကောင်း ရသဖြင့် Export ရရှိသည့်စပါးမျိုးဖြစ်၍ မျိုးထိန်းသိမ်းရန် လိုအပ်ပါသည်။ယခုရောင်းချရာတွင် စပါးတစ်တင်းလျှင် ၅၀ ပေါင်နှုန်းဖြင့် ကာလပေါက်ဈေး (၁၈၀၀၀) ကျပ်အထိ ဈေးကောင်းရရှိသဖြင့် တောင်သူများတိုးချဲ့စိုက်ပျိုးသင့်

# စမ်းသပ်ကွက်ရလဒ်များနှင့်ဆွေးနွေးချက်များ

- ခေါင်နံ့မျိုးပွားစနစ်အား (၁)ကေ မျိုးပွားမစိုက်နိုင်ပါက (၀.၁၀)ကေ စိုက်ပျိုးခြင်းဖြင့် ခေါင်နံ့မျိုးသန့် စပါး(၇-၈)တင်း ရရှိပြီး၊ ၎င်းအား ပြန်လည်မျိုးပွားစိုက်ပါက (၅-၆)ကေ စာရရှိနိုင်ပြီး ခေါင်နံ့မျိုးသန့် မျိုးစေ့များကို အသုံးပြုခြင်းဖြင့် မျိုးသန့်စိုက်ကေတိုးတက်ပြီး စပါးအထွက်နှုန်း တိုးတက်ထွက်ရှိလာ စေနိုင်










# စမ်းသပ်ကွက်ရလဒ်များနှင့်ဆွေးနွေးချက်များ

## တစ်ဧကကုန်ကျစရိတ် တွက်ချက်ခြင်းနှင့်အကျိုးအမြတ်(ခေါင်နံ့ နှင့် ဘောင်ပျိုး)

| စဉ် | အကြောင်းအရာ | ခေါင်နံ့ | ဘောင်ပျိုး | မှတ်ချက် |
|---|---|---|---|---|
| ၁ | တစ်ဧကကုန်ကျစရိတ် | ၄၈၀၀၀၀ | ၄၇၀၀၀၀ | |
| ၂ | တစ်ဧကအထွက်တင်း | ၆၂ | ၆၅ | |
| ၃ | တစ်တင်းဈေးနှုန်း | ၁၈၀၀၀ | ၁၈၀၀၀ | |
| ၄ | တစ်ဧကဝင်ငွေ | ၁၁၁၆၀၀၀ | ၁၁၇၀၀၀၀ | |
| ၅ | တစ်ဧကအကျိုးအမြတ် | ၆၃၆၀၀၀ | ၇၀၀၀၀၀ | |
| ၆ | ကုန်ကျစရိတ်နှင့်ဝင်ငွေ အချိုး | ၁ : ၂.၃ | ၁ : ၂.၅ | |

# စမ်းသပ်ကွက်ရလဒ်များနှင့်ဆွေးနွေးချက်များ

## အားသာချက်

- (၁) တောင်သူများ လွယ်ကူစွာ စိုက်ပျိုးနိုင်ခြင်း
- (၂) အပင်ကြီးထွားနှုန်း လျင်မြန်ပြီးညီညာခြင်း
- (၃) အရွက်အရောင်အဆင်း တောက်ပြောင်ပြီး လန်းဆန်းမှုရှိခြင်း
- (၄) ပင်ပွားဖြစ်မှုအားကောင်းပြီး ပင်ပွားတိုင်းမှ အောင်မြင်သော အနှံဖြစ်ထွန်းလာခြင်း
- (၅) အာဟာရချို့တဲ့မှုလက္ခဏာမတွေ့ရခြင်း
- (၆) ရောဂါဒဏ်ခံနိုင်ရည်ရှိခြင်း
- (၇) နောက်ထပ် (၃) နှစ် ဆက်တိုက်မျိုးအဖြစ် အသုံးပြုနိုင်ခြင်း

## အားနည်းချက်

- (၁) ခေါင်နှံမျိုးယူရန်နှင့်ခေါင်နှံတစ်နှံချင်း ပျိုးထောင်ရန် အခက်အခဲရှိခြင်း
- (၂) သန်မာသောပျိုးပင်များ ရွေးချယ်ပြီး တစ်ပင်ချင်းစိုက်ပျိုးရခြင်းကြောင့် အလုပ်သမား အခက်အခဲရှိခြင်း
- (၃) ခေါင်နှံအများကို ကောက်ယူပြီးပါက ခေါင်နှံအများအပြားကို သိုလှောင်သိမ်းဆည်းရန် အခက်အခဲရှိခြင်း
- (၄) ခေါင်နှံမျိုးစိုက်ပျိုးရန် ကောက်စိုက်ချိန်တွင် လက်ဆတစ်ပင်ချင်းစိုက်ပျိုးရသည့်အတွက် ကောက်စိုက်သမများကို အမြဲတစေ ကြီးကြပ်ရခြင်း

# ရလဒ်များအပေါ် အကျဉ်းချုပ်သုံးသပ်ခြင်းနှင့် ရှေ့ဆက်လက်ဆောင်ရွက်ရန် အကြံပြုချက်

- မျိုးကောင်း မျိုးသန့် စပါး လိုအပ်ချက်ကို အကောင်းဆုံးဖြေရှင်းနိုင်သော နည်းလမ်းတစ်ရပ်မှာ တောင်သူများ ကိုယ်တိုင် ပါဝင်ဆောင်ရွက်နိုင်သော ကိုယ့်မျိုးကိုယ်ထား ခေါင်နှံ မျိုးသန့်စပါး စိုက်ပျိုးခြင်းနည်းပညာပင် ဖြစ်ပါသည်။
- တောင်သူများ လက်ခံကျင့်သုံးလာနိုင်အောင် ဆက်လက်ကြိုးစားဆောင်ရွက်သွားပါမည်။
- ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စပါးစိုက်တောင်သူများ ကြိုက်နှစ်သက်သည့် မျိုးကောင်းမျိုးသန့် ပွားများခြင်းကို ၎င်းတို့ကိုယ်တိုင် ဆောင်ရွက်ခြင်းဖြင့် တိုင်းဒေသကြီးတစ်ခုလုံး မျိုးလုံလောက်လောက်မှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်အောင် ကြိုးစားဆောင်ရွက်သွားပါမည်။

# မှီငြမ်းကိုးကားချက်များ

၁။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ၂၀၀၉။ စပါးမျိုးသန့် ထုတ်လုပ်နည်း။
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ နေပြည်တော်။

၂။ အေးချစ်၊ ၂၀၀၉။ ခေါင်နှံစနစ်ဖြင့်မျိုးသန့်ပွားများခြင်း ပါဝါပွိုင့်၊ စိုက်ပျိုးရေးဦးစီးဌာန၊ နေပြည်တော်။


ကျေးဇူးတင်ပါသည်။